ပညာပေးသင်တန်းစရိတ်များ အချိုးကျထည့်ဝင်ကြေးများပိုမိုခြင်း၊ပညာသင်ထောက်ပံ့ကြေးများပိုမိုထုတ်ပေးရခြင်းနှင့် အစည်းအဝေးပြုလုပ်မှုများပြားခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဝန်ထမ်းအသစ်များထပ်မံခန့်ထားနိုင်မှုမရှိခြင်း၊ အရာထမ်း/အမှုထမ်းများ လုပ်ငန်းသဘောအရ ခရီးသွားလာမှုနည်းပါးခြင်း၊ မော်တော်ယာဉ်နှင့် အဆောက်အဦပြင်ဆင်မှုလျော့နည်းခြင်း၊ အစည်းအဝေးကျင်းပရာတွင် ဧည့်ခံစရိတ်များလျော့နည်းပေးချေရခြင်း၊ ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့အစည်းများမှထည့်ဝင်ကြေးများ အချိန်မီတောင်းခံလာမှုမရှိခြင်းနှင့် အသုံးစရိတ်များအားချိုးခြံချွေတာသုံးစွဲခဲ့ခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် ပြည်တွင်း/ ပြည်ပခရီးစဉ်များ နည်းပါးခြင်း၊ ရုံးသုံးစက်ကိရိယာများ ပြင်ဆင်မှုနည်းပါးခြင်း၊ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်မော်တော်ယာဉ်သုံးစွဲမှုများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခဲ့သည့်အတွက်ပြင်ဆင်ထိန်းသိမ်းစရိတ် သုံးစွဲမှုနည်းပါးခြင်းနှင့် စက်ရုံများအတွက်ကုန်ကြမ်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လစာ၊ စရိတ်ချီးမြှင့်ငွေ စသည်များ၊ ခရီးသွားလာစရိတ်၊ပစ္စည်းများ၊ လုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်နှင့် ပညာရေးနှင့် လူမှုရေးအသုံးစရိတ်များ လျော့နည်းခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး (၁)ဦးအတွက် လစာများ လျာထားပြီး မပေးချေရခြင်းနှင့် ADB ပြည်ပအကူအညီရငွေအဖြစ် သုံးစွဲမည့်အသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်မှုမရှိခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ (၃)လပတ်လျာထားချက် ကျပ် ၄၉,၈၂၉.၃၇၅ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၅,၅၅၁.၇၈၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၁.၂၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၇၇၉,၅၁၅.၉၈၇ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၁၉,၁၅၅.၂၈၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၁၅ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာသံရုံး၊ ဗန်ကောက်မြို့ရှိသံရုံး အဆောက်အဦသစ်တွင် အသုံးပြုရန်၊ ဆောက်လုပ်ရေးကုမ္ပဏီမှ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ လှူဒါန်းခြင်းမှ ရငွေများရရှိခြင်း၊စက်မှုဝန်ကြီးဌာနတွင် အမှတ်(၁)စက်မှုသင်တန်းကျောင်း (ဆင်တဲ)အတွက် ပြည်ပအကူအညီရငွေဖြင့် စက်ပစ္စည်းများရရှိခြင်းနှင့် အဆောက်အဦရောင်းချရငွေများ ရရှိခြင်းတို့ကြောင့်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် MRTV နှင့် ဆက်စပ် ရုပ်/ သံလွှင့် ကုမ္ပဏီများမှ ရရန်ရှိသော ဝင်ငွေများမှာ (၃)လ ပြည့်ပြီးနောက်ပိုင်း (၁၅)ရက်အတွင်း ပေးသွင်းခြင်းများကြောင့် လျော့နည်းရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ဌာနပိုင်ထွန်စက်ကြီး အဟောင်းများရောင်းချရာတွင် တောင်သူများ ဝယ်ယူအားနည်းပါးခြင်းနှင့် IFAW မှ ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက်ဌာနမှစိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် တတိယအရစ်အား အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်မှ ပြန်လည်ပေးသွင်းခြင်းနှင့်သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းအတွက် ဌာနမှစိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ ဒုတိယ(၃)လပတ်တွင် ပေးသွင်းခဲ့ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တိုင်းအတွင်းရှိ အခြေခံပညာကျောင်းအချို့ အန္တရာယ်ရှိကျောင်းဆောင်များ ဖျက်သိမ်းမှုမှရရှိသော ဆယ်တင်ပစ္စည်းများ ရောင်းချရငွေလျော့နည်းရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM Project အတွက် Computer များဝယ်ယူနိုင်မှုမရှိသေးခြင်း၊ ပြည်သူ့ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ မဆောင်ရွက်နိုင်သေးခြင်း၊ EITI Project မှ Consultant (၄)ဦး၏ လစာအနက် စာချုပ်အရ(၂)ဦးသာ ပေးချေရခြင်း စသည်တို့ကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့် မော်လမြိုင်ဈေးဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ထုတ်ကုန်ဌာနတည်ဆောက်ရေးစီမံကိန်းအတွက် မြေနေရာ

မှာ မော်လမြိုင်နှင့်ဝေးကွာခြင်း၊ဈေးကွက်မကျခြင်းတို့ကြောင့် သံလွင်မြစ်အတွင်း ဈေးသင်္ဘောအဖြစ်ဆောင်ရွက်သွားရန်လျာထားသော်လည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိ၍ ရပ်ဆိုင်းခဲ့ရခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ နိုင်ငံတော်ပိုင် အဆောက်အဦများအား အကြီးစားပြင်ဆင်မွမ်းမံခြင်းနှင့် ပြည်ပအကူအညီရငွေဖြင့် ရုံးသုံးမော်တော်ယာဉ်(၁)စီး လက်ခံ ရရှိခြင်းတို့ကြောင့်ပိုမိုရခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဒုတိယအရစ်နှင့် တတိယအရစ် ခွင့်ပြုငွေများအား တတိယ(၃)လပတ်တွင်မှသာ ပေးချေရခြင်းနှင့် လုပ်ငန်းပြီးစီးမှုအပေါ် ငွေပေးချေရခြင်း၊ ရုံးသုံးပရိဘောဂများနှင့် ရုံးသုံးပစ္စည်းများ ဝယ်ယူခဲ့ခြင်း၊ မော်တော်ယာဉ် အကြီးစားပြင်ဆင်ခြင်း၊ မြေနေရာဝယ်ယူခြင်းနှင့် မြေယာလျော်ကြေးငွေများ ပေးချေပြီးဖြစ်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ODA ချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကြီးအုံ ကြီးဝ ရေလှောင်တမံနှင့် မုန်းချောင်းရေလှောင်တမံအကူ ရေပိုလွှဲတိုးချဲ့ ပြင်ဆင်ခြင်းလုပ်ငန်းများအား မိုးမကျခင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခြင်း၊ RC (၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ သန့်စင်ခန်းဆောက်လုပ်ခြင်းနှင့် ဧည့်ရိပ်သာမွမ်းမံခြင်းလုပ်ငန်းများအား ကုမ္ပဏီများနှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုပြီး ပစ္စည်းပေးပို့လာသဖြင့် လျာထားချက်ထက် ပိုမိုရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားငွေ၊ ပြည်တွင်းကျပ်ငွေများဖြင့် စာချုပ်ချုပ်ဆို ဝယ်ယူထားသော ဓါတ်အားခွဲရုံများနှင့် ဓါတ်အားလိုင်းပစ္စည်းများကို ကုမ္ပဏီများမှ ပစ္စည်းပေးသွင်းနိုင်ခြင်း၊ လုပ်ငန်းစီမံကိန်းများအတွက် မသုံးမဖြစ် သုံးစွဲရသည့် စက်သုံးဆီဖိုး၊ လျှပ်စစ်ဓါတ်အားခများ၊ ယမ်းနှင့် ဆက်စပ်သော ပစ္စည်းဖိုး၊ UREC ကုမ္ပဏီနှင့် CGGC ကုမ္ပဏီသို့ ပစ္စည်းဖိုးများ ပေးချေခြင်းနှင့် IPGRB၊ Lahmeyer နှင့် AF Colenco သို့ လုပ်အားခပေးချေခဲ့ခြင်း၊ ရေလွှဲဥမင်လိုဏ် တူးဖော်ခြင်းလုပ်ငန်း၊ CVC ကွန်ကရစ်ဖျော်စပ်ခြင်းလုပ်ငန်းနှင့် Drilling & Grouting လုပ်ငန်းအတွက် ငွေပေးချေခဲ့ခြင်းကြောင့် လျာထားချက်ထက်ပိုမိုရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်း(၂၅၈၁)ခုအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်

အဦ ဦးစီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးမှုအလိုက် ငွေပေးချေရခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားအသုံးစရိတ်များအတွက် တင်ဒါခေါ်ယူရေးဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် ရုံးအဆောက်အဦ ပြင်ဆင်ခြင်းလုပ်ငန်းများ မဆောင်ရွက်ရသေးခြင်း၊ ရုံးသုံးစက်ကိရိယာများဝယ်ယူရန်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ရန် ယာဉ်အချို့ကျန်ရှိနေခြင်း၊ရေတိုင်ကီများဝယ်ယူရန် ကျန်ရှိနေခြင်း၊ အဆောက်အဦ ဆောက်လုပ်ရန်နှင့် စက်ပစ္စည်းများဝယ်ယူရန် ဆောင်ရွက်နေဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် မော်တော်ယာဉ်ပြင်ဆင်မှုလျော့နည်းခြင်း၊ Website လွှင့်တင်ရန်အတွက် ကနဦးတပ်ဆင်ခများ ပေးချေရန်ရှိခြင်း၊ ရုံးသုံးစက်ကိရိယာနှင့်ပရိဘောဂများ ဝယ်ယူရန်ကျန်ရှိခြင်း၊ အနုပညာအထက်တန်း (မန္တလေး/ရန်ကုန်) ၊ ဓာတ်ရုံဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ လျှပ်စစ်ပစ္စည်းများ၊ ရုပ်သံပစ္စည်း၊ ဓာတ်ဝင်ခန်း အထည်အလိပ်၊ တူရိယာပစ္စည်းများနှင့် ကွန်ပျူတာများ ဝယ်ယူရန် ကျန်ရှိနေခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှ Micro Projectလုပ်ငန်းများမှာ ရေများချိန်ဖြစ်သောကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ PMU (၃)ထပ်ဆောင် ဆောက်လုပ်ခြင်းအတွက် ငွေမပေးချေရသေးခြင်း၊ HIC Building နှင့် SUBA 2 to 6 Packages များဆောက်လုပ်ခြင်းနှင့် DMH (Yangon) Office မွမ်းမံပြင်ဆင်ခြင်းအတွက် ငွေပေးချေရန် ကျန်ရှိခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် Telecommunication Sector Reform Project အတွက် အကြံပေးဝှားရမ်းခများ မပေးချေရသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ဝယ်ယူနိုင်မှုမရှိသေးခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ကြွေးမြီရငွေဖြင့် သုံးစွဲမည့် ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ စက်ပစ္စည်းများဝယ်ယူရန်

တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူ စိစစ်ဆဲဖြစ်ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် MDI ၏ မြန်မာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းပင်မဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှု မရှိခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်နေရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တည်ဆောက် ရေးလုပ်ငန်း(၃)ခုမှာဆောင်ရွက်နေပြီး ငွေထုတ်ယူမှုမရှိသေးခြင်း၊ လုပ်ငန်း (၄)ခုမှာ တင်ဒါခေါ်ယူပြီး ရွေးချယ်စိစစ်နေဆဲဖြစ်သဖြင့် အသုံးစရိတ် ထုတ်ယူမှုမရှိသေးခြင်းနှင့် အခြားအသုံးစရိတ်များ သုံးစွဲမှုမရှိသေးခြင်းတို့ ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် မော်လမြိုင် ဈေးဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ထုတ်ကုန်ဌာနတည်ဆောက်ရေး စီမံကိန်း အတွက် မြေနေရာမှာ မော်လမြိုင်နှင့်ဝေးကွာခြင်း၊ ဈေးကွက်မကျခြင်းတို့ ကြောင့် သံလွင်မြစ်အတွင်း ဈေးသင်္ဘောအဖြစ် ဆောင်ရွက်သွားရန် လျာထား သော်လည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲ ရှိ၍ ရပ်ဆိုင်းခဲ့ရခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေ ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၂၄၄,၇၀၇.၉၃၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် (-)၈၈,၁၉၈.၅၃၈ သန်း ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ပေါ်ရခြင်းမှာ ပထမ(၆)လပတ်ပေးပို့စဉ်က (၅)လအမှန် (၁)လ ခန့်မှန်းစာရင်း ဖြင့်ပေးပို့ခဲ့သဖြင့် တတိယ(၃)လပတ်တွင် စာရင်းပြန်လည်ညှိနှိုင်းရေးဆွဲခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃)ပတ် လျာထားချက် ကျပ်၄၅,၅၅၀.၈၀၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၄၆,၀၃၀.၅၆၃သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၁.၀၅ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက် ၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနတွင် ODA ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပြည်ပ ချေးယူရငွေများ ပိုမိုရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေများတတိယ(၃)လပတ်အတွင်းရရှိခြင်းကြောင့်ပိုမိုရခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ပစ္စည်းများ ရရှိရေးဆောင်ရွက်လျက်ရှိခြင်းကြောင့် ကြွေးမြီရငွေရရှိမှုမရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် AIRBM Project တွင် Micro Project လုပ်ငန်းများမှာ ရေများချိန်ဖြစ်၍ လုပ်ငန်းဆောင်ရွက်နိုင်မှု မရှိသေးခြင်းကြောင့် ချေးယူရငွေလျော့နည်းခြင်း ၊ PMU သုံးထပ်ဆောင် HIC Building နှင့် SUBA 2 to 6 Packages များ ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ငွေပေးချေရန်နှင့် DMH(Yangon)Office မွမ်းမံပြင်ဆင်ခြင်းအတွက် ငွေများမရရှိသေးခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် Specturm Management System အတွက် စက်ပစ္စည်းများဝယ်ယူနိုင်ရန် Consultant ငှားရမ်းရမည့်လုပ်ငန်းများမှာ ခန့်မှန်းထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိခြင်းကြောင့် ချေးယူရငွေလျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ကြွေးမြီရငွေများ မရရှိသေးခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပထမ(၆)လပတ်(၅)လအမှန် (၁)လခန့်မှန်းစာရင်းတွင် ကမ္ဘာ့ဘဏ်မှ Budget Support (DPO) Deploment Polocy Operation အတွက် ချေးငွေအား လျာထားခဲ့သော်လည်း အမှန်တကယ်မရရှိခဲ့သည့်အတွက် တတိယ(၃)လပတ်တွင် စာရင်းပြန်လည်ညှိနှိုင်းရေးဆွဲခြင်းကြောင့် အနုတ်ဖြစ်ပေါ်ရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေ လွှဲပြောင်းမှုအတွက် ပေးဆပ်ရန် အချိန်စေ့ရောက်သောကြောင့်ပိုမိုသုံးစွဲရခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်(၁၉)စီးဝယ်ယူခြင်းအတွက် အရင်းပေးဆပ်ချိန်တွင် ငွေလဲလှယ်နှုန်းတိုးမြင့်လာခြင်းကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် တတိယ (၃)လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု နှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်--

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၈၀.၈၉ ရာခိုင်နှုန်းနှင့် ငွေလုံးငွေရင်းရငွေရရှိမှု ၃၀.၂၀ ရာခိုင်နှုန်းဖြစ်ပြီး ကြွေးမြီရငွေပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ -၈၈,၁၉၈.၅၃၈ သန်းဖြစ်ပေါ်ခဲ့သဖြင့် စုစုပေါင်း ရငွေရရှိမှုမှာ ၇၀.၁၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေတွင် တတိယ(၃)လပတ် လျာထားချက်ထက် လျော့

နည်းရရှိကြောင်းတွေ့ရှိရပြီး ငွေလုံးငွေရင်းရငွေပိုင်းတွင်လည်း အကောင်အထည်ဖော်ဆောင်နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြွေးမြီရငွေပိုင်းတွင် ပထမ(၆)လပတ်ပေးပို့စဉ်က (၅)လအမှန် (၁)လခန့်မှန်းစာရင်း ဖြင့်ရေးဆွဲပေးပို့ခဲ့သဖြင့် တတိယ(၃)လပတ်စာရင်းတွင် စာရင်းပြန်လည်ညှိနှိုင်းရေးဆွဲခြင်းကြောင့် အနှုတ်ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၃.၆၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၇၈.၁၅ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၀၁.၀၅ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၉.၇၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး သုံးစွဲနိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားချက်ပြည့်မီရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်ပိုမိုသုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

နောက်ဆက်တွဲ(ဂ)



၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားလူမှုဖူလုံရေးအဖွဲ့ | ၂၂,၅၈၂.၈၃၆ | ၅,၁၀၇.၃၅၈ | +၁၇,၄၇၅.၄၇၈ | ၂၂,၈၄၀.၈၆၃ | ၄,၂၉၉.၂၇၀ | +၁၈,၅၄၁.၅၉၃ | ၁၀၁.၁၄% | ၈၄.၁၈% |
| | | စုစုပေါင်း | ၂၂,၅၈၂.၈၃၆ | ၅,၁၀၇.၃၅၈ | +၁၇,၄၇၅.၄၇၈ | ၂၂,၈၄၀.၈၆၃ | ၄,၂၉၉.၂၇၀ | +၁၈,၅၄၁.၅၉၃ | ၁၀၁.၁၄% | ၈၄.၁၈% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၂,၅၈၂.၈၀၃ | ၄,၇၉၈.၀၈၀ | +၁၇,၇၈၄.၇၂၃ | ၂၂,၈၄၀.၈၃၀ | ၄,၀၁၅.၀၂၁ | +၁၈,၈၂၅.၈၀၉ | ၁၀၁.၁၄% | ၈၃.၆၈% |
| | | စုစုပေါင်း | ၂၂,၅၈၂.၈၀၃ | ၄,၇၉၈.၀၈၀ | +၁၇,၇၈၄.၇၂၃ | ၂၂,၈၄၀.၈၃၀ | ၄,၀၁၅.၀၂၁ | +၁၈,၈၂၅.၈၀၉ | ၁၀၁.၁၄% | ၈၃.၆၈% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၀.၀၃၃ | ၃၀၉.၂၇၈ | -၃၀၉.၂၄၅ | ၀.၀၃၃ | ၂၈၄.၂၄၉ | -၂၈၄.၂၁၆ | ၁၀၀.၀၀% | ၉၁.၉၁% |
| | စုစုပေါင်း | ၀.၀၃၃ | ၃၀၉.၂၇၈ | -၃၀၉.၂၄၅ | ၀.၀၃၃ | ၂၈၄.၂၄၉ | -၂၈၄.၂၁၆ | ၁၀၀.၀၀% | ၉၁.၉၁% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၂,၅၈၂.၈၀၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၂,၈၄၀.၈၃၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၁.၁၄ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၄,၇၉၈.၀၈၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၀၁၅.၀၂၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၃.၆၈ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေ အနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျိုးဝင်မှတ်ပုံတင်သည့်အလုပ်ဌာနတိုးတက်များပြားလာခြင်း၊ အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်းနှင့် အကျိုးခံစားခွင့်ပိုထုတ်ငွေများ ပြန်လည်ပေးသွင်းခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သော ဆေးဝါးပစ္စည်းများဝယ်ယူရန် လျာထားသော်လည်း ဝယ်ယူနိုင်မှုမရှိခြင်း၊ ရုံးသုံးစက်ပစ္စည်းကိရိယာများနှင့် ရုံးသုံးယာဉ်များ ပြင်ဆင်နိုင်မှုမရှိသေးခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၀.၀၃၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၀၃၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၀၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၃၀၉.၂၇၈ သန်းဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှုကျပ် ၂၈၄.၂၄၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၁.၉၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာ ငွေပေးချေရပါသဖြင့် လျာထားချက်ထက် လျော့နည်းရခြင်း။

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၃၅၈.၃၀၀ | ၈,၄၄၄.၈၉၆ | -၃,၀၈၆.၅၉၆ | ၄,၈၄၅.၆၈၅ | ၁၀,၇၂၁.၇၈၉ | -၅,၈၇၆.၁၀၄ | ၉၀.၄၃% | ၁၂၆.၉၆% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | | | | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၄၇,၂၇၈.၉၀၁ | ၁၈၁,၆၄၉.၃၂၉ | -၃၄,၃၇၀.၄၂၈ | ၁၁၄,၄၄၄.၂၈၂ | ၁၃၂,၈၂၄.၂၄၁ | -၁၈,၃၇၉.၉၅၉ | ၇၇.၇၁% | ၇၃.၁၂% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁၁,၁၃၃.၈၇၇ | ၇၅,၆၈၅.၈၇၂ | +၃၅,၄၄၈.၀၀၅ | ၁၇၈,၅၈၁.၁၉၉ | ၈၄,၀၅၁.၈၄၇ | +၉၄,၅၂၉.၃၅၂ | ၁၆၀.၆၉% | ၁၁၁.၀၅% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၉၉၁,၂၄၆.၈၆၆ | ၁,၁၇၀,၃၂၈.၃၃၅ | -၁၇၉,၀၈၁.၄၆၉ | ၁,၁၈၁,၅၃၃.၅၇၃ | ၉၂၄,၈၆၆.၂၇၀ | +၂၅၆,၆၆၇.၃၀၃ | ၁၁၉.၂၀% | ၇၉.၀၃% |
| | ၆ | စက်မှု | ၁၂,၄၄၄.၆၈၉ | ၇၄,၅၂၅.၆၉၉ | -၆၂,၀၈၁.၀၁၀ | ၁၅,၂၇၇.၈၇၇ | ၇၉,၈၈၆.၉၆၉ | -၆၄,၆၄၉.၀၉၂ | ၁၂၂.၄၄% | ၁၀၇.၁၉% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၉၈,၅၄၇.၇၂၄ | ၁၅၆,၁၀၄.၉၂၃ | +၄၂,၄၄၂.၈၀၁ | ၂၂၀,၃၇၂.၆၀၀ | ၁၅၅,၈၃၃.၆၅၁ | +၆၄,၅၃၈.၉၄၉ | ၁၁၀.၉၉% | ၉၉.၈၃% |
| | | စုစုပေါင်း | ၁,၄၆၆,၀၁၀.၃၅၇ | ၁,၆၆၆,၇၃၉.၀၅၄ | -၂၀၀,၇၂၈.၆၉၇ | ၁,၇၁၅,၀၁၅.၂၁၆ | ၁,၃၈၈,၁၈၄.၇၆၇ | +၃၂၆,၈၃၀.၄၄၉ | ၁၁၆.၉၉% | ၈၃.၂၉% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | မြန်ကြားရေး | ၅,၃၅၈.၃၀၀ | ၈,၃၂၂.၇၆၈ | -၂,၉၆၄.၄၆၈ | ၄,၈၄၅.၆၈၅ | ၁၀,၆၃၁.၈၉၆ | -၅,၇၈၆.၂၁၁ | ၉၀.၄၃% | ၁၂၇.၇၄% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | | | | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၀၆,၁၆၄.၆၇၈ | ၆၉,၄၁၈.၈၀၈ | +၃၆,၇၄၅.၈၇၀ | ၉၄,၅၈၃.၅၆၅ | ၆၆,၁၉၄.၅၆၄ | +၂၈,၃၈၉.၀၀၁ | ၈၉.၀၉% | ၉၅.၃၆% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁၁,၁၀၃.၆၀၅ | ၇၅,၅၄၇.၅၉၃ | +၃၅,၅၅၆.၀၁၂ | ၁၇၈,၅၅၄.၀၃၄ | ၈၃,၉၃၃.၄၆၆ | +၉၄,၆၂၀.၅၆၈ | ၁၆၀.၇၁% | ၁၁၁.၁၀% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၉၄၅,၀၉၆.၇၂၀ | ၁,၀၇၂,၉၁၆.၉၅၃ | -၁၂၇,၈၂၀.၂၃၃ | ၁,၁၅၇,၉၉၃.၂၅၄ | ၈၉၄,၀၈၂.၄၀၅ | +၂၆၃,၉၁၀.၈၄၉ | ၁၂၂.၅၃% | ၈၃.၃၃% |
| | ၆ | စက်မှု | ၁၁,၅၀၀.၃၂၀ | ၂၃,၂၀၂.၆၃၄ | -၁၁,၇၀၂.၃၁၄ | ၁၄,၂၉၇.၀၂၂ | ၂၇,၅၆၃.၆၅၆ | -၁၃,၂၆၆.၆၃၄ | ၁၂၄.၃၂% | ၁၁၈.၈၀% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၈၈,၈၄၁.၁၆၀ | ၁၃၉,၄၂၈.၃၅၉ | +၄၉,၄၁၂.၈၀၁ | ၂၁၀,၆၁၃.၅၁၂ | ၁၄၉,၇၁၁.၈၈၃ | +၆၀,၉၀၁.၆၂၉ | ၁၁၁.၅၃% | ၁၀၇.၃၈% |
| | | စုစုပေါင်း | ၁,၃၆၈,၀၆၄.၇၈၃ | ၁,၃၈၈,၈၃၇.၁၁၅ | -၂၀,၇၇၂.၃၃၂ | ၁,၆၆၀,၈၈၇.၀၇၂ | ၁,၂၃၂,၁၁၇.၈၇၀ | +၄၂၈,၇၆၉.၂၀၂ | ၁၂၁.၄၀% | ၈၈.၇၂% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၁၂၂.၁၂၈ | -၁၂၂.၁၂၈ | | ၈၉.၈၉၃ | -၈၉.၈၉၃ | | ၇၃.၆၁% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | | | | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃,၃၉၅.၇၈၈ | ၁၀၉,၃၇၂.၃၉၀ | -၁၀၅,၉၇၆.၆၀၂ | ၂,၃၉၀.၈၆၆ | ၆၅,၈၁၉.၁၀၀ | -၆၃,၄၂၈.၂၃၄ | ၇၀.၄၁% | ၆၀.၁၈% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၀.၂၇၂ | ၁၃၈.၂၇၉ | -၁၀၈.၀၀၇ | ၂၇.၁၆၅ | ၁၁၈.၃၈၁ | -၉၁.၂၁၆ | ၈၉.၇၄% | ၈၅.၆၁% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၄.၇၇၀ | ၆၆,၆၄၄.၁၂၇ | -၆၆,၆၃၉.၃၅၇ | ၈၅၇.၉၅၇ | ၁၉,၁၉၁.၅၅၉ | -၁၈,၃၃၃.၆၀၂ | ၁၇၉၈၆.၅၂% | ၂၈.၈၀% |
| | ၆ | စက်မှု | ၉၄၄.၃၆၉ | ၂၄,၁၀၈.၄၈၀ | -၂၃,၁၆၄.၁၁၁ | ၉၄၀.၈၅၅ | ၂၁,၈၇၂.၉၅၅ | -၂၀,၉၃၂.၁၀၀ | ၉၉.၆၃% | ၉၀.၇၃% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၅၂၆.၅၆၄ | ၇.၉၅၈.၅၉၃ | -၆,၄၃၂.၀၂၉ | | ၃,၂၆၉.၈၅၈ | -၃,၂၆၉.၈၅၈ | | ၄၁.၀၉% |
| | | စုစုပေါင်း | ၅,၉၀၁.၇၆၃ | ၂၀၈,၃၄၃.၉၉၇ | -၂၀၂,၄၄၂.၂၃၄ | ၄,၂၁၆.၈၄၃ | ၁၁၀,၃၆၁.၇၄၆ | -၁၀၆,၁၄၄.၉၀၃ | ၇၁.၄၅% | ၅၂.၉၇% |

# ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | မြန်ကြားရေး | | | | | | | | |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | | | | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၇,၇၁၈.၄၃၅ | ၂,၈၅၈.၁၃၁ | +၃၄,၈၆၀.၃၀၄ | ၁၇,၄၆၉.၈၅၁ | ၈၁၀.၅၇၇ | +၁၆,၆၅၉.၂၇၄ | ၄၆.၃၂% | ၂၈.၃၆% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၄၆,၁၄၅.၃၇၆ | ၃၀,၇၆၇.၂၅၅ | +၁၅,၃၇၈.၁၂၁ | ၂၂,၆၈၂.၃၆၂ | ၁၁,၅၉၂.၃၀၆ | +၁၁,၀၉၀.၀၅၆ | ၄၉.၁၅% | ၃၇.၆၈% |
| | ၆ | စက်မှု | | ၂၇,၂၁၄.၅၈၅ | -၂၇,၂၁၄.၅၈၅ | | ၃၀,၄၅၀.၃၅၈ | -၃၀,၄၅၀.၃၅၈ | | ၁၁၁.၈၉% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၈,၁၈၀.၀၀၀ | ၈,၇၃၇.၉၇၁ | -၅၃၇.၉၇၁ | ၉,၇၅၉.၀၈၈ | ၂,၈၅၁.၉၁၀ | +၆,၉၀၇.၁၇၈ | ၁၁၉.၃၀% | ၃၂.၇၁% |
| | | စုစုပေါင်း | ၉၂,၀၄၇.၈၁၁ | ၆၉,၅၇၇.၉၄၂ | +၂၂,၄၈၅.၈၆၉ | ၄၉,၉၁၁.၃၀၀ | ၄၅,၇၀၅.၁၅၀ | +၄,၂၀၆.၁၅၀ | ၅၄.၂၃% | ၆၅.၇၁% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုနှစ်ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေအပိုင်းတွင်တတိယ(၃)လပတ်လျာထားချက် ကျပ် ၁,၃၆၈.၀၆၅ ဘီလီယံအနက် ကျပ် ၁,၆၆၀.၈၈၇ ဘီလီယံရရှိခဲ့ပြီး ရာခိုင်နှုန်း ၁၂၁.၄၀ ဆောင်ရွက်နိုင်ခဲ့ပါသည်။သာမန်အသုံးစရိတ်တွင် တတိယ (၃)လပတ် လျာထားချက် ကျပ် ၁,၃၈၈.၈၃၇ ဘီလီယံ အနက် ကျပ် ၁,၂၃၂.၁၁၈ ဘီလီယံ သုံးစွဲခဲ့၍ ၈၈.၇၂ ရာခိုင်နှုန်းဖြစ်ပါသည်။သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်—

(၁) **သာမန်ရငွေပိုမိုရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင်ပြည်ပဝင်ငွေအတွက် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ပြောင်းလဲခြင်းနှင့်ပြည်တွင်းသို့သစ်လုံးသစ်ခွဲသားများရောင်းချရာတွင် အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချခြင်းကြောင့် ဈေးနှုန်းပိုမိုရရှိခြင်း၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် (၅၄)ကြိမ်မြောက် ရတနာပြပွဲမှ အကျိုးတူ ကျောက်ရောင်းရငွေအပေါ် ၂၅% ရငွေနှင့် ကျောက်မျက်ရတနာဥပဒေအရကောက်ခံသည့် ဝန်ဆောင်မှု ၃ % ရငွေများ ပိုမိုရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဓာတ်တိုင်များတွင် ကုမ္ပဏီများက Wifi ချိတ်ဆက်မှု ကိရိယာပစ္စည်းများ တပ်ဆင်ခြင်းအတွက်ငှားရမ်းခများရရှိခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့နှင့် လေဆီရောင်းရငွေများသည် ဒုတိယ(၂) လပတ်တွင် ရရှိရမည့်အစား တတိယ (၃) လပတ် ရောက်ရှိမှုရရှိခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် တာချီလိတ်နှင့် ကျိုင်းတုံဒေသတို့တွင် ထိုင်းနိုင်ငံ ပီတီတီကုမ္ပဏီနှင့် MPTA တို့မှ စက်သုံးဆီများဝယ်ယူရောင်းချခြင်းနှင့် ငှားရမ်းခရငွေများရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း ၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် လက်ကျန်ကုန်ချောများရောင်းချရသဖြင့် ပိုမိုရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံမှုအပေါ်မှအတိုးရငွေ၊ ကော်မရှင်နှင့်ဆောင်ရွက်မှုမှုရငွေ၊ နှစ်ဟောင်း

ချေးငွေကြွေးကျန်များမှ အတိုးရငွေများနှင့် အာမခံထားသူများ ပိုမိုလာခြင်းကြောင့် အာမခံရငွေများ လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ရထားစီးခရီးသည် လိုက်ပါစီးနင်းမှု လျော့နည်းခြင်းကြောင့် လူစီးဝင်ငွေလျော့နည်းခြင်းနှင့် ကုန်တင်ရထားပြေးဆွဲစင်းရေ လျော့နည်းခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရရှိခြင်းဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင်ကုန်ကြမ်းပစ္စည်းများဖြစ်သောနိုင်ငံခြားစက္ကူလိပ်များ၊ပုံနှိပ်ရေးပစ္စည်းများပိုမိုရောက်ရှိခဲ့သောကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ဝင်ငွေပိုမိုရရှိခြင်းကြောင့် ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေ ပိုမိုပေးဆောင်ခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၏ မူလခန့်မှန်းခြေတွင် လျော့နည်းသုံးစွဲခဲ့သဖြင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၌ စာရင်းပြန်လည် ညှိနှိုင်းသောကြောင့် တတိယ(၃)လပတ်တွင်အနှုတ်လျာထားချက် ဖြစ်ပေါ်ခဲ့သော်လည်း အမှန်သုံးစွဲမှုများကြောင့် ပိုမိုသုံးစွဲခြင်း၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ လစာနှင့်စရိတ်တွင် နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းသို့ ပြောင်းလဲခန့်ထားခြင်းကြောင့်ပိုမိုခြင်း၊ ငွေစုဘဏ်အပ်ငွေ အတိုးနှုန်းအား တစ်နှစ်လျှင် (၄)ကြိမ် အတိုးထည့်သွင်းပေးခြင်းကြောင့် အတိုးပေးငွေပိုမိုခြင်း၊ပြည်ပကုန်ကြမ်းပစ္စည်းများဝယ်ယူရာတွင် ငွေတောင်းခံလွှာများ အရပေးချေရခြင်း၊ ထုတ်လုပ်မှုစရိတ်တွင် လျှပ်စစ်မီတာခ၊ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီနှင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် သယ်ယူရန်ယာဉ် ၄ားရမ်းခများ ပိုမိုခြင်းနှင့် ပရီမီယံဝင်ငွေများတိုးလာခြင်းကြောင့် ကုန်သွယ်လုပ်ငန်းခွန် ပိုမိုခြင်းနှင့် ဝင်ငွေတိုးခြင်းကြောင့် ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေ ပိုမိုပေးဆောင်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းဖြစ်ပါသည်။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ကုန်ကြမ်းဝယ်ယူခြင်းအသုံးစရိတ်တွင် ပြည်ပမှ ပစ္စည်းဝယ်ယူမှုလျော့နည်းခြင်း၊ ထုတ်လုပ်မှုစရိတ်တွင်Gas Engine ၄ားရမ်းခများအား အောက်တိုဘာလအထိသာ ပေးချေရသေးခြင်း၊အတိုးပေးချေရာတွင် သတ်မှတ်ချိန်စေ့ရောက်မှသာ ပေးချေရခြင်းတို့ကြောင့်လျော့နည်းခြင်း ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်း ရငွေ၊ သုံးငွေ။** ငွေလုံးငွေရင်းရငွေ၊သုံးငွေတွင် ပြည်ပအကူအညီရငွေနှင့် ကြွေးမြီရငွေများပါ ဆက်စပ်ပါဝင်နေကြောင်းတွေ့ရှိ ရပါသည်။ ချေးယူရငွေပိုင်းတွင် ဂျပန် ODA ချေးငွေ၊ JICA ချေးငွေ၊ World Bank ချေးငွေနှင့် ADB ချေးငွေများ လျော့နည်းရရှိမှုကြောင့် ငွေလုံးငွေရင်းသုံးငွေပိုင်းတွင်လည်း လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့တွင် ပြည်ပအကူအညီ ရငွေများ လျာထားချက်အတိုင်း ပြည့်မီအောင်မရရှိခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအား ငွေအပြည့်အဝမပေးချေ ရသေးခြင်း၊ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထားတွင် ပစ္စည်းများဝယ်ယူခြင်းအတွက် တင်ဒါခေါ်ယူလျက်ရှိခြင်း၊ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် Consultant ငှားရန်ဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ရုံးသုံးပရိဘောဂများဝယ်ယူရာ၌ တင်ဒါခေါ်ယူရေးအဖွဲ့၏ဈေးနှုန်းစိစစ်ချက်အရ ဈေးနှုန်းများလျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးမှု မရှိခြင်း၊ နိုင်ငံခြားမှ မှာယူတင်သွင်းသည့်ပစ္စည်းများ အချိန်မီမရောက်ရှိခြင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စက်ပစ္စည်းများဝယ်ယူရန် စာချုပ်များချုပ်ဆိုနေဆဲဖြစ်ခြင်း၊ စက်ပစ္စည်းများပေးသွင်းမှုအလိုက် ငွေပေးချေ ရခြင်း၊ Core Banking Solution လုပ်ငန်းများနှင့် Software Update လုပ်ငန်းများအတွက် ငွေပေးချေရန် ကျန်ရှိနေခြင်းနှင့် Software System တပ်ဆင်ရန် တင်ဒါခေါ်ယူသော်လည်း တင်ဒါ အောင်မြင်မှုမရှိခြင်း တို့ကြောင့် လျော့နည်း သုံးစွဲခြင်း ဖြစ်ပါသည်။

(ဂ) **ကြွေးမြီအသုံးစရိတ်။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြင်သစ်ချေးငွေများအတွက် အရင်းငွေများပေးချေခဲ့သော်လည်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဘဏ်မြီစားလွှာမရရှိသေးသောကြောင့် လျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် Contractor များမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအတွက် ငွေတောင်းခံလွှာများ တင်ပြမှုမရှိသေးခြင်း၊ အရင်းပေးဆပ်ရာတွင် ပေးချေမှု နောက်ကျခြင်းမရှိစေရန် လျာထားသော်လည်း စေ့ရောက်သည့်အချိန်မှသာ ပေးချေရခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် JICA Project ချေးငွေဖြင့် တောင်သူများသို့ထုတ်ချေးငွေများ လျာထားသည်ထက် လျော့နည်းထုတ်ချေးပေးရခြင်းတို့ကြောင့် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

အရအသုံးစာရင်းများနှင့်ပတ်သက်၍ သုံးသပ်ချက်

၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ရာ တတိယ(၃)လပတ် လျာထားချက်တွင် လိုငွေကျပ် ၂၀၀.၇၂၉ ဘီလီယံ လျာထားသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင် ပိုငွေကျပ် ၃၂၆.၈၃၀ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်–

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | တတိယ(၃)လပတ် လျာထားချက် | တတိယ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမို(+)/ လျော့နည်း(-) |
|---|---|---|---|---|
| (က) | ရငွေ | ၁,၄၆၆.၀၁၀ | ၁,၇၁၅.၀၁၅ | (+) ၂၄၉.၀၀၅ |
| | သာမန် | ၁,၃၆၈.၀၆၅ | ၁,၆၆၀.၈၈၇ | (+) ၂၉၂.၈၂၂ |
| | ငွေလုံးငွေရင်း | ၅.၉၀၁ | ၄.၂၁၇ | (-) ၁.၆၈၄ |
| | ကြွေးမြီ | ၉၂.၀၄၄ | ၄၉.၉၁၁ | (-) ၄၂.၁၃၃ |
| (ခ) | သုံးငွေ | ၁,၆၆၆.၇၃၉ | ၁,၃၈၈.၁၈၅ | (-) ၂၇၈.၅၅၄ |
| | သာမန် | ၁,၃၈၈.၈၃၇ | ၁,၂၃၂.၁၁၈ | (-) ၁၅၆.၇၁၉ |
| | ငွေလုံးငွေရင်း | ၂၀၈.၃၄၄ | ၁၁၀.၃၆၂ | (-) ၉၇.၉၈၂ |
| | ကြွေးမြီ | ၆၉.၅၅၈ | ၄၅.၇၀၅ | (-) ၂၃.၈၅၃ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-) ၂၀၀.၇၂၉ | (+) ၃၂၆.၈၃၀ | (+) ၅၂၇.၅၅၉ |

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်–

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၁၂၁.၄၀ရာခိုင်နှုန်း၊ငွေလုံးငွေရင်းရရှိမှု ၇၁.၄၅ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၄.၂၃ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းရငွေရရှိမှု ၁၁၆.၉၉ ရာခိုင်နှုန်းဖြစ်ပါသည်။ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၈.၇၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၅၂.၉၇ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၆၅.၇၁ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းသုံးငွေ အကောင်အထည်ဖော်နိုင်မှု ၈၃.၂၉ ရာခိုင်နှုန်းဖြစ်ပါသည်။

(ဂ) ဒုတိယ(၃)လပတ် လျာထားချက်တွင် လိုငွေ ကျပ် ၂၀၀.၇၂၉ ဘီလီယံ လျာထားသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင် ပိုငွေကျပ် ၃၂၆.၈၃၀ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

**(စာရင်းချုပ်)**

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈၀,၀၇၂.၆၄၀ | ၉၉,၆၆၂.၅၁၁ | -၁၉,၅၈၉.၈၇၁ | ၉၀,၉၇၅.၅၅၂ | ၈၃,၆၆၇.၉၈၃ | +၇,၃၀၇.၅၆၉ | ၁၁၃.၆၂% | ၈၃.၉၅% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၂၃,၄၉၄.၆၃၅ | ၁၄၅,၆၂၈.၀၇၈ | +၇၇,၈၆၆.၅၅၇ | ၁၈၆,၆၀၃.၇၅၆ | ၁၄၆,၅၉၈.၉၃၄ | +၄၀,၀၀၄.၈၂၂ | ၈၃.၄၉% | ၁၀၀.၆၇% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၆၆,၆၀၇.၅၆၀ | ၁၀၇,၀၀၇.၅၉၄ | +၅၉,၅၉၉.၉၆၆ | ၁၂၉,၇၂၃.၀၆၃ | ၁၀၆,၈၉၉.၇၉၆ | +၂၂,၈၂၃.၂၆၇ | ၇၇.၈၆% | ၉၉.၉၀% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၅၆,၈၈၇.၀၇၅ | ၃၈,၆၂၀.၄၈၄ | +၁၈,၂၆၆.၅၉၁ | ၅၆,၈၈၀.၆၉၃ | ၃၉,၆၉၉.၁၃၈ | +၁၇,၁၈၁.၅၅၅ | ၉၉.၉၉% | ၁၀၂.၇၉% |
| | | စုစုပေါင်း | ၃၀၃,၅၆၇.၂၇၅ | ၂၄၅,၂၉၀.၅၈၉ | +၅၈,၂၇၆.၆၈၆ | ၂၇၇,၅၇၉.၃၀၈ | ၂၃၀,၂၆၆.၉၁၇ | +၄၇,၃၁၂.၃၉၁ | ၉၁.၄၄% | ၉၃.၈၈% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅၉,၂၃၀.၈၂၉ | ၅၄,၂၀၇.၄၂၅ | +၅,၀၂၃.၄၀၄ | ၇၀,၁၉၀.၅၉၅ | ၆၂,၇၅၂.၄၀၉ | +၇,၄၃၈.၁၈၆ | ၁၁၈.၅၀% | ၁၁၅.၇၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၁၉,၄၈၆.၈၂၂ | ၁၃၆,၇၃၆.၉၅၈ | +၈၂,၇၄၉.၈၆၄ | ၁၈၅,၀၂၂.၆၀၀ | ၁၃၉,၇၁၃.၃၅၆ | +၄၅,၃၀၉.၂၄၄ | ၈၄.၃၀% | ၁၀၂.၁၈% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၆၂,၆၁၁.၀၇၃ | ၁၀၀,၆၄၇.၅၉၄ | +၆၁,၉၆၃.၄၇၉ | ၁၂၈,၁၄၆.၈၅၁ | ၁၀၀,၆၄၇.၅၉၄ | +၂၇,၄၉၉.၂၅၇ | ၇၈.၈၁% | ၁၀၀.၀၀% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၅၆,၈၇၅.၇၄၉ | ၃၆,၀၈၉.၃၆၄ | +၂၀,၇၈၆.၃၈၅ | ၅၆,၈၇၅.၇၄၉ | ၃၉,၀၆၅.၇၆၂ | +၁၇,၈၀၉.၉၈၇ | ၁၀၀.၀၀% | ၁၀၈.၂၅% |
| | | စုစုပေါင်း | ၂၇၈,၇၁၇.၆၆၀ | ၁၉၀,၉၄၄.၃၈၃ | +၈၇,၇၇၃.၂၆၈ | ၂၅၅,၂၁၃.၁၉၅ | ၂၀၂,၄၆၅.၇၆၅ | +၅၂,၇၄၇.၄၃၀ | ၉၁.၅၇% | ၁၀၆.၀၃% |

၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၂၇.၉၀၀ | ၄၃,၇၁၈.၈၂၃ | -၄၃,၀၉၀.၉၂၃ | ၃,၇၉၄.၄၀၀ | ၁၆,၉၁၀.၇၁၅ | -၁၃,၁၁၆.၃၁၅ | ၆၀၄.၃၀% | ၃၈.၆၈% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၈,၈၉၁.၁၂၀ | -၈,၈၉၁.၁၂၀ | | ၆,၈၈၅.၅၇၈ | -၆,၈၈၅.၅၇၈ | | ၇၇.၄၄% |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၆,၃၆၀.၀၀၀ | -၆,၃၆၀.၀၀၀ | | ၆,၂၅၂.၂၀၂ | -၆,၂၅၂.၂၀၂ | - | ၉၈.၃၀% |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | - | ၂,၅၃၁.၁၂၀ | -၂,၅၃၁.၁၂၀ | - | ၆၃၃.၃၇၆ | -၆၃၃.၃၇၆ | | ၂၅.၀၂% |
| | စုစုပေါင်း | ၆၂၇.၉၀၀ | ၅၂,၆၀၉.၉၄၃ | -၅၁,၉၈၂.၀၄၃ | ၃,၇၉၄.၄၀၀ | ၂၃,၇၉၆.၂၉၃ | -၂၀,၀၀၁.၈၉၃ | ၆၀၄.၃၀% | ၄၅.၂၃% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၀,၂၁၃.၉၀၁ | ၁,၇၃၆.၂၆၃ | +၁၈,၄၇၇.၆၃၈ | ၁၆,၉၉၀.၅၅၇ | ၄,၀၀၄.၈၅၉ | +၁၂,၉၈၅.၆၉၈ | ၈၄.၀၅% | ၂၃၀.၆၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄,၀၀၇.၈၁၃ | | +၄,၀၀၇.၈၁၃ | ၁,၅၈၁.၁၅၆ | | +၁၅၈၁.၁၅၆ | ၃၉.၄၅% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃,၉၉၆.၄၈၇ | | +၃,၉၉၆.၄၈၇ | ၁,၅၇၆.၂၁၂ | | +၁,၅၇၆.၂၁၂ | ၃၉.၄၄% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၁.၃၂၆ | | +၁၁.၃၂၆ | ၄.၉၄၄ | | +၄.၉၄၄ | ၄၃.၆၅% | |
| | | စုစုပေါင်း | ၂၄,၂၂၁.၇၁၄ | ၁,၇၃၆.၂၆၃ | +၂၂,၄၈၅.၄၅၁ | ၁၈,၅၇၁.၇၁၃ | ၄,၀၀၄.၈၅၉ | +၁၄,၅၆၆.၈၅၄ | ၇၆.၆၇% | ၂၃၀.၆၆% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၇၈.၇၁၈ ဘီလီယံအနက် ကျပ် ၂၅၅.၂၁၃ ဘီလီယံရရှိခဲ့ပြီး ၉၁.၅၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၁၉၁.၉၄၄ ဘီလီယံ အနက်ကျပ် ၂၀၂.၄၆၆ ဘီလီယံသုံးစွဲခဲ့၍ ၁၀၆.၀၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန် ရငွေ၊ သုံးငွေ နှင့် ပတ်သက်၍ထူးခြားမှုအခြေအနေများကိုအောက်ပါ အတိုင်းတွေ့ရှိ ရပါသည်”

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ သာမန်ရငွေတွင်Franchise ကုမ္ပဏီ များမှကောက်ခံရငွေများကို Bank Clear ရမှသာစာရင်းသွင်းရသောကြောင့် အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း လျော့နည်းရရှိခြင်း ဖြစ်ပါသည်။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်တွင် ဆီဖိုးပေးချေရခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များပေးချေ ရခြင်း၊ပင်စင်လာရောက်ထုတ်ယူမှုများပြားခြင်း၊စီမံစရိတ်ခေါင်းစဉ်အောက်ရှိ အသုံး စရိတ်များပိုမိုပေးချေရခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် တတိယ(၃)လပတ် ကာလအတွင်း ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်း၊ အင်ဂျင်ပြင်ဆင်စရိတ်များ၊ ငှားရမ်းပြေးဆွဲသည့် Embraer လေယာဉ်(၂)စီး၊ Boeing လေယာဉ်(၄)စီး အတွက် လေယာဉ်ငှားရမ်းခ နှင့် Maintenance Reserve ခများ ပိုမိုပေးချေ ရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေများကို ဒုတိယ(၃)လပတ်နှင့် တတိယ(၃)လပတ်အတွက် ပေးဆောင်ခဲ့ပါသဖြင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ငွေလုံးငွေရင်း ရငွေနှင့်သုံးငွေတွင် ပြည်ပအကူအညီ ရငွေနှင့်ကြွေးမြီရငွေများပါ ဆက်စပ်ပါဝင်နေကြောင်းတွေ့ရှိရပါသည်။ ငွေလုံးငွေရင်း သုံးငွေတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ODA Loan ဖြင့် ဆောင်ရွက်ရသည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်း အလိုက် ပေးချေရခြင်း၊ အချို့သော လုပ်ငန်းများမှာ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ ငွေမပေးချေရသေးခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် ရုံးသုံးစက်ပစ္စည်းဝယ်ယူမှုလျော့နည်းခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် Turn Key စနစ်ဖြင့် တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ပါသဖြင့် ငွေထုတ် ယူခြင်းမရှိသေးပါ၍ လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။ ချေးယူရငွေဖြင့် ဝယ်ယူမည့် ပစ္စည်းများ စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်လျှက်ရှိခြင်းကြောင့် ပစ္စည်းများမရောက်ရှိ သေးပါသဖြင့် ကြွေးမြီရငွေလျော့နည်းရရှိခြင်းကြောင့် ငွေလုံးငွေရင်းသုံးငွေပိုင်းတွင်လည်း လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါ သည်။

(ဂ) **ကြွေးမြီအသုံးစရိတ်။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် မြန်မာအမျိုးသားလေကြောင်းသို့ ချေးငွေများထုတ်ချေးခြင်းကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရ ပါသည်။